Briefing

ဥပဒေ

*အဓိကအသုံးအနှုန်းများ*

ဥပဒေ၊ ဥပဒေဆိုင်ရာနည်းလမ်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ

iied

**ထုတ်ဝေသည့်ရက်စွဲ**
ဇွန်လ ၂၀၁၄

## မူဝါဒရေး ရာညွှန်ပြမှုများ

**သဘောတူစာချုပ်ပါ ရင်းနှီးမြှုပ်နှံမှုကို** ကာကွယ်စောင့်ရှောက်သည့် ကတိကဝတ်များသည် သိသာထင်ရှားသော တာဝန်ခံမှုများ မလုပ်ဆောင်ဘဲ ကျယ်ပြန့်သည့် မူဝါဒနယ်ပယ်များတွင် နိုင်ငံတော်၏ အရေးယူဆောင်ရွက်နိုင်စွမ်းကို ကန့်သတ်ထားနိုင်ပါသည်။

**ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များကို** လက်မှတ်မထိုးမီဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်းသည့် သီးခြား စကားလုံးအသုံးအနှုန်းများကို သဘောတူညီမှုမပြုမီဖြစ်စေ အစိုးရများအနေဖြင့် မူဝါဒ အပေး အယူအတိုးအလျှော့များကို လေးလေးနက်နက်ထည့်သွင်းစဉ်းစားသင့်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်စောင့်ရှောက်ခြင်းအား** မူဝါဒအတွက် နေရာပေးနိုင်အောင် ထိန်းသိမ်းထားခြင်းနှင့် ချိန်ခွင်လျှာညီမျှနေစေရန် သဘောတူစာချုပ်များအား မည်သို့ရေးဆွဲရမည်ကို သဘောတူစာချုပ်လုပ်ထုံးများ၊ နိုင်ငံတကာ လမ်းညွှန်ချက်များက ပြသလျက်ရှိပါသည်။

# ရင်းနှီးမြှုပ်နှံမှု နိုင်ငံတကာ သဘောတူစာချုပ်များနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု။ ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်စောင့်ရှောက်ခြင်း

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ(IITs) သုံးထောင်ကျော်မှာ တရားဝင်အာဏာတည်လျက်ရှိ ရှိသလို အလားတူ စာချုပ် အများအပြားကို ချုပ်ဆိုရန်လည်း ညှိနှိုင်းလျက်ရှိပါသည်။ အဆိုပါ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခြင်း၊ နှင့် ၄င်းစာချုပ်များတွင် ရွေးချယ်သုံးစွဲထားသော စကားလုံးများက မူဝါဒ ရည်မှန်းချက် ပန်းတိုင်များကြား တွင် အရေးကြီးလှသော အပေးအယူ၊ အတိုးအလျှော့များကို ဖြစ်ပေါ် စေပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား မမျှမတ ဆက်ဆံသွားမည် မဟုတ်ကြောင်း အာမခံရန်ရည်ရွယ်ထားသည့် ရိုးရှင်းသော စာချုပ်ပါ ပြဋ္ဌာန်းချက်များသည်ပင်လျှင် အခြားသော မူဝါဒပန်းတိုင်များကို ဖော်ဆောင်နိုင်သည့် နိုင်ငံများ၏ စွမ်းပကားကို ဂယက်ရိုက်ခတ်မှုများ ရှိနိုင်ပါသည်။ အဆိုပါ အပေးအယူ အတိုးအလျှော့များ ပိုမို ရှင်းလင်း လာသည့်အားလျော်စွာ တချို့သော နိုင်ငံများသည် IITs များအပေါ် မိမိတို့၏ ချဉ်းကပ်ပုံနည်းလမ်းအား ပြန်လည် စဉ်းစားလာကြသည့်အားလျော်စွာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းကို ဟန်ချက်ညီစေမည့် နည်းလမ်းများနှင့် ပက်သက်သည့် အတွေ့အကြုံများ ပိုမိုကြွယ်ဝလာသည်။ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များကို ညှိနှိုင်းရယူရေးအတွက် စဉ်းစားလျက်ရှိသော နိုင်ငံများအားလုံးသည် ထိုသို့သော မူဝါဒများရွေးချယ်မှု နှင့်စပ်လျဉ်းပြီး ကောင်းစွာ ဆင်ခြင်သုံးသပ်ရန် လိုအပ်သလို လူအများ အချေအတင်ပြောဆိုဆွေးနွေးမှုများ ရှိလာအောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ဤရှင်းလင်းဆွေးနွေးချက်သည် IITs များ၊ နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အကြောင်း အချေအတင် ပြောဆိုဆွေးနွေးမှုများ တိုးမြှင့်ဖော်ဆောင်ရေး အခန်းလေးတွဲပါ ဆွေးနွေးချက်အစဉ်မှ တတိယတွဲဖြစ်ပါသည်။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (IIT)သည် နိုင်ငံတစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများအား အခြားနိုင်ငံ (များ)တွင် ရင်းနှီးမြှုပ်နှံလာအောင် အားပေးရန် ရည်ရွယ်သည်။ ထိုသို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုကို တိုးပွားစေသည့် IITs များ၏ အဓိကနည်းလမ်းမှာ အိမ်ရှင်နိုင်ငံအား ထိခိုက်စေနိုင်သော လုပ်ဆောင်ချက်ကို ကာကွယ်သည့် `ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်း´ပင် ဖြစ်ပါသည်။

ကျိုးကြောင်းဆင်ခြင်မှုကို ဆက်လက်ဖော်ပြအပ်ပါသည်။ နိုင်ငံအများအပြားသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိလာအောင် ကြိုးပမ်းကြသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ကို ပြုလုပ်လိုက်သည်နှင့် (ဥပမာ ကုန်ချောထုတ်စက်ရုံကိုဖြစ်စေ၊ ရေနံ ပိုက်လိုင်းကိုဖြစ်စေ တည်ဆောက်လိုက်သည့်အခါ) အဆိုပါ စီမံကိန်း (သို့မဟုတ်) စီမံကိန်း အမြတ်အစွန်း ရရှိနိုင်မှုကို အနှောင့်အယှက် ဖြစ်နိုင်ဖွယ်ရာများနှင့် ဖြစ်စေမည့် ပက်သက်သည့် အိမ်ရှင်နိုင်ငံ၏ တွက်ချက်မှုကို ရင်းနှီးမြှုပ်နှံသူက ရင်ဆိုင်လာရပါတော့သည်။ ဤသို့သော `နိုင်ငံရေး´ဘေးအန္တရာယ်ကို လျှော့ပါးစေရန်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများအား မမျှမတဆက်ဆံမည်မဟုတ်ကြောင်း စိတ်ချနေစေရန်လည်းကောင်း ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်းကို ရေးဆွဲထားကာ ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံလာကြစေရန် မက်လုံးများကို ဖန်တီးပေးထားခြင်းဖြစ်သည်။

လက်တွေ့တွင် ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်းက ရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းများကို တိုးပွားစေသည့် မျက်မြင် အထောက်အထားများမှာ အမျိုးစုံ ရောထွေးနေပါသည်။ (ဆွေးနွေးရန်အတွက် ဆက်စပ်လျက်ရှိသော ကျွန်ုပ်တို့၏ `ခြုံငုံ သုံးသပ်မှု´ ဆွေးနွေးတင်ပြချက်ကို ရှု။) ထို့အပြင် သင့်တင့်လျော်ကန်သော မူဘောင်မရှိသမျှကာလပတ်လုံး လူထုမူဝါဒလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ဆောင်လာခြင်းကြောင့် ဖြစ်ပေါ်လာသောဆုံးရှုံးမှုများအတွက် လျော်ကြေးတောင်းခံမှုများဖြစ်စေနိုင်သည်။ ထိုကဲ့သို့သော လျော်ကြေးတောင်းခံမှုများကြောင့် မူဝါဒရေးဆွဲရန် အနေအထားကို ကန့်သတ်မှုများရှိနေသည်။ (`ခြုံငုံ သုံးသပ်မှု´ ဆွေးနွေးတင်ပြချက်ကို ထပ်မံရှုပါလေ။)

သို့ဖြစ်ပေရာ IIT တစ်ခုကို လက်မှတ်ထိုးရန်၊ မထိုးရန်လည်းကောင်း၊ ထိုသို့သော သဘောတူစာချုပ်ပါ စာသားများနှင့် စပ်လျဉ်းပြီးလည်းကောင်း ရွေးချယ်ကြရာတွင် ဂရုတစိုက်နှင့် အချေအတင် ပြောဆို ဆွေးနွေးကြရန် လိုအပ်ပေသည်။

## ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်း စံသတ်မှတ်ချက်များ

သဘောတူစာချုပ်အများအပြားတွင် ကျယ်ပြန့်စွာ နှိုင်းယှဉ်နိုင်သော သတ်မှတ်ချက်များ ပါရှိသည့်တိုင်အောင် စကားလုံး အသုံးအနှုန်းမှာမူ အတော်အတန် ကွဲလွဲနေနိုင်သလို ရင်းနှီးမြှုပ်နှံသူများအား ခံစားခွင့်ပေးထားသော ကာကွယ် စောင့်ရှောက်မှုမှာလည်း အမျိုးစုံ ကွဲပြားနေနိုင်ပါသည်။ အသုံးများသော ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်း စံသတ်မှတ်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- `နိုင်ငံတွင်းပြုမှုဆက်ဆံခြင်း၊´ `အခွင့်အရေးအရဆုံး နိုင်ငံ´စသည့် စာပိုဒ်များမှာ အိမ်ရှင်နိုင်ငံ၏ နိုင်ငံသားများက ဖြစ်စေ (နိုင်ငံတွင်း ပြုမှုဆက်ဆံခြင်း)၊ အခြားနိုင်ငံများမှ နိုင်ငံသားများကဖြစ်စေ (အခွင့်အရေး အရဆုံးနိုင်ငံ) အလားတူ အခြေအနေများတွင် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါထက် အခွင့်အရေးမလျော့စေဘဲ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား အိမ်ရှင်နိုင်ငံက ပြုမူဆက်ဆံရန် ပုံမှန်အားဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်။
- `မျှတသော၊ ညီမျှသော ပြုမှုဆက်ဆံခြင်း´စာပိုဒ်များမှာ အိမ်ရှင်နိုင်ငံ၏ နိုင်ငံတွင်းဥပဒေအရ ပြည်တွင်းရင်းနှီး မြှုပ်နှံမှုအတွက် သတ်မှတ်ထားသော စည်းမျဉ်းများ မည်သို့ပင် ရှိနေစေကာမူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား အနိမ့် ဆုံး မျှတမှုစံဖြင့် ပြုမူဆက်ဆံရန် သတ်မှတ်ထားခြင်းဖြစ်သည်။
- `အပြည့်အဝ ကာကွယ်ခြင်းနှင့် လုံခြုံမှု´စာပိုဒ်များအား နိုင်ငံခြားရင်းနှီးမှုကို တိုက်ရိုက်ပါဝင် ပတ်သက်ခြင်း မရှိသော ဘေးလူများက ဖန်တီးသည့် အန္တရာယ်မှ အကာအကွယ်ပေးရေးအတွက် အိမ်ရှင်နိုင်ငံက ဆောင်ရွက် ပေးရန် လိုအပ်ချက်များအဖြစ် ဖွင့်ဆိုလေ့ရှိကြပါသည်။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား သိမ်းယူနိုင်သည့် အစိုးရ၏ လုပ်ပိုင်ခွင့်အား ကန့်သတ်ထားသော စာပိုဒ်များက မည်သည့် သိမ်းယူမှုမဆို အများပြည်သူအတွက်သာ ဖြစ်ရမည်၊ ခွဲခြားဆက်ဆံမှု မဖြစ်စေရဟု သတ်မှတ်ထား လေ့ရှိသလို အစိုးရများအနေဖြင့် ထိုက်သင့်သော နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ သီးခြား သတ်မှတ်ထားသော စံများအရ နစ်နာကြေးပေးရန်လည်းကောင်း သတ်မှတ်ထားတတ်ကြပါသည်။
- `လွှမ်းခြုံမှု´စာပိုဒ်များက အိမ်ရှင်နိုင်ငံများအနေဖြင့် မိမိတို့ပြုလုပ်ထားသော ကတိကဝတ်များကို (ဥပမာ အားဖြင့် ပဋိညာဉ်စာချုပ်များဖြင့် ပြုလုပ်ထားသော ကတိကဝတ်များ) လိုက်နာစောင့်ထိန်းရန် သတ်မှတ်ထားပါ သည်။
- ငွေကြေး လဲလှယ်နိုင်မှု၊ အမြတ်အစွန်းကို မိမိနိုင်ငံသို့ ပြန်ပို့နိုင်မှု ပြဋ္ဌာန်းချက်များက ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းများမှ အမြတ်အစွန်းများကို မိမိနိုင်ငံသို့ ပြန်ပို့နိုင်ရန် ခွင့်ပြုပေးပါသည်။

နိုင်ငံလုံးဆိုင်ရာမူဂါဒ ဦးစားပေးနိုင်ငံများစသည့် ပြဋ္ဌာန်းချက်များမှာ `နှိုင်းရ´ စံသတ်မှတ်ချက်များ ဖြစ်ပါသည်။ ကာကွယ်စောင့်ရှောက်မှုပေးထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံက ခွဲခြား ဆက်ဆံမှု မပြုရန် သတ်မှတ်ထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဆုံးနိုင်ငံ စာပိုဒ်များက အိမ်ရှင်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံသူများ အခြေစိုက်ရာမဟုတ်သော နိုင်ငံများကြား သဘောတူစာချုပ်များကဲ့သို့ အခြားသဘောတူစာချုပ်များ တွင် ပြဋ္ဌာန်းထားသော အခွင့်အရေးပိုရသည့် ပြုမူဆက်ဆံမှုကို ရင်းနှီးမြှုပ်နှံသူများက တောင်းဆိုနိုင်အောင် ခွင့်ပြုထားနိုင် ပါသည်။

အခြား ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်း စံသတ်မှတ်ချက်များမှာမူ နိုင်ငံလုံးဆိုင်ရာမူဂါဒနှင့် ဦးစားပေးနိုင်ငံများ လက်ရှိကျင့်သုံးနေသော ပြဋ္ဌာန်းချက်များနှင့် မတူဘဲ ယင်းတို့မှာ `အကြွင်းမဲ့´ဖြစ်ပါသည်။ ဆိုလိုသည်မှာ အခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ကျင့်သုံးနိုင်သော ပြုမူဆက်ဆံပုံ မည်သို့ပင် ရှိနေစေကာမူ အကာအကွယ်ပေးထားသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အပေါ်တွင် ကျင့်သုံးရမည့် အနိမ့်ဆုံး စံသတ်မှတ်ချက်များကို ယင်းတို့က ပြဋ္ဌာန်းပေးထားပါသည်။

ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်း စံသတ်မှတ်ချက်များကို မရေမရာ ရေးသားထားလေ့ရှိတတ်ကြပေရာ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်သည့် ရုံးများက မည်ကဲ့သို့ ဖွင့်ဆိုခဲ့ပြီး အငြင်းပွားမှုများကို ဖြေရှင်းသည့်အခါ အလားတူ စာပိုဒ်များကို မည်သို့ အသုံးပြုခဲ့သည်များကို ထည့်သွင်းစဉ်းစားမှသာ သဘောတူစာချုပ်တစ်စောင်၏ သွယ်ဝိုက် ဆိုလိုချက်များကို အပြည့်အဝ နားလည်သဘောပေါက်နိုင်ပါလိမ့်မည်။ (ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်တို့ကြား ကြားဝင် စေ့စပ်ခြင်းနှင့် စပ်လျဉ်းသည့် ဆက်စပ်နေသော တင်ပြဆွေးနွေးချက်ကို ရှု။) ခုံရုံးများသည် ယခင်ဆုံးဖြတ်ချက်များအတိုင်း လိုက်နာရမည် မဟုတ်ချေ။ သို့ရာတွင် လက်တွေ့တွင်မူ အဆိုပါခုံရုံးများ၏ ဆင်ခြင်သုံးသပ်မှု အာဂကာကို တောင့်တင်း ခိုင်မာလာစေရန် ရည်ရွယ်ချက်ဖြင့် ယခင်ဆုံးဖြတ်ချက်များကို ယင်းခုံရုံးများက ရည်ညွှန်းကိုးကားလေ့ ရှိတတ်ကြပါသည်။

## မျှတသော၊ သာတူညီမျှသော ပြုမှုဆက်ဆံမှု နမူနာ

`မျှတသော၊ သာတူညီမျှသော ပြုမူဆက်ဆံမှု´ (FET) က ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်းစံများ မည်သို့ မည်ပုံ လုပ်ကိုင်ဆောင်ရွက်သည်ကို လည်းကောင်း၊ မူဂါဒအတွက် နေရာပေးမှုအပေါ် ယင်းတို့က မည်သို့မည်ပုံ ရိုက်ခတ်နေပုံကိုလည်းကောင်း သရုပ်ဖော်ရာတွင် ပံ့ပိုးပေးနိုင်ပါသည်။ FETမှာ နိုင်ငံများအား ရင်းနှီးမြှုပ်နှံသူများက တောင်းဆိုမှုများ ပြုလုပ်ရာတွင် အသုံးပြုလေ့အရှိဆုံး စံသတ်မှတ်ချက်ဖြစ်လေသည်။[1]

ရင်းနှီးမြှုပ်နှံသူများအား မျှတစွာ ပြုမူဆက်ဆံသင့်သည်ဟူသော အယူအဆကို ပြောင်ပြောင်တင်းတင်း သဘောမတူမည့် သူ မဆိုစလောက် အနည်းငယ်မျှသာ ရှိကြပါလိမ့်မည်။ သို့ရာတွင် `မျှတမှု´ကိုဖြစ်စေ `သာတူညီမျှမှု´ကိုဖြစ်စေ သတ်မှတ်ခြင်းမှာ လွယ်ကူရိုးစင်းလှသည်တော့ မဟုတ်ချေ။ ယင်းကြောင့် အဆိုပါ စံသတ်မှတ်ချက်ကို မည်သို့မည်ပုံ ဖွင့်ဆိုပြီး မည်သို့မည်ပုံ လက်တွေ့အသုံးပြုရမည်နှင့် စပ်လျဉ်းပြီး ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်သည့် ရုံးများတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် သိသိသာသာ ရှိနေရခြင်းပင် ဖြစ်လေသည်။

ရင်းနှီးမြှုပ်နှံမှုကို FET၏ အဓိက လိုအပ်ချက်ဖြစ်အောင် ဆောင်ရွက်သည့်အခါ ရင်းနှီးမြှုပ်နှံသူတွင် ရှိနေသည့် `သဘာဝကျသော မျှော်လင့်ချက်များ´ကို ခုံသမာဓိရုံးများက အလေးထား ထည့်သွင်းစဉ်းစားကြပါသည်။[2] FETတွင် အစိုးရ၏ ဆောင်ရွက်ချက်မှာ ရှေ့နောက်ညီညွတ်သလို ပွင့်လင်းမြင်သာမှု ရှိရန် လိုအပ်သည်ဟု ခုံရုံးတချို့က ယူဆထား ကြပါသည်။[3] တည်ငြိမ်သော စည်းကမ်းထိန်းချုပ်မှု ကန့်သတ်ချက်ဘောင်မှာလည်း FET၏ `မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်း´ တစ်ရပ်အဖြစ် ခုံရုံးတချို့က ယူဆပါသည်။ နမူနာကို အမေရိကန်ပြည်ထောင်စုနှင့် အာဂျင်တီးနားနိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ ဖျန်ဖြေညှိနှိုင်းမှုများတွင် တွေ့ရပါသည်။ အဆိုပါ သဘောတူစာချုပ်၏ နိဒါန်းတွင် စည်းကမ်းထိန်းချုပ်မှုပိုင်းအရ တည်ငြိမ်မှုကို ညွှန်းဆိုထားလေသည်။[4]

အခြားခုံရုံးများကလည်း အစိုးရများ၏ စည်းကမ်းထိန်းချုပ်ပိုင်ခွင့်အပေါ် ပိုမို အလေးထားတတ်ကြသလို အသုံးပြုနိုင်သော ဥပဒေသည် လုံးဝဥသုံ မပြောင်းမလဲဘဲ ရှိနေလိမ့်မည်ဟု မည်သည့် ရင်းနှီးမြှုပ်နှံသူကမျှ အကြီးအကျယ် မျှော်လင့်နိုင်မည် မဟုတ်ကြောင်း ရှင်းလင်းအောင် ဖွင့်ဆိုတတ်ကြပါသည်။[5] သို့ရာတွင် `သဘာဝကျသော မျှော်လင့်ချက်များ´ ကို ဖန်တီးနိုင်စွမ်း ရှိသည့် ရင်းနှီးမြှုပ်နှံသူအား ပေးအပ်ထားသည့် `ကိုယ်စားပြုမှုများ´ အား ဖောက်ဖျက်ရာရောက်သော စည်းကမ်းပိုင်း အပြောင်းအလဲများက အစိုးရထံမှ တောင်းခံမှုများပေါ် ပေါက်လာအောင် ဖန်တီးနိုင်စွမ်းရှိပါသည်။[6]

သို့ဖြစ်ပေရာ နိုင်ငံတစ်နိုင်ငံက မည်သို့မည်ပုံ ပြုမူဆောင်ရွက်သည်ဆိုခြင်း အပေါ်တွင် မူတည်ပြီး အစိုးရ၏ ဆောင်ရွက်ချက် ကိုဖြစ်စေ၊ အသုံးပြုနိုင်သော စည်းမျဉ်းများကိုဖြစ်စေ ပြောင်းလဲခြင်းများက FET အား ဖောက်ဖျက်မှုဟု မှတ်ယူနိုင်ပါ သည်။ ယင်းကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော လုပ်ကိုင်ဆောင်ရွက်ချက်များကို စိန်ခေါ် လျက်ရှိသည့် ရင်းနှီးမြှုပ်နှံသူများ၏ တောင်းဆိုမှု အများအပြားကို ပေါ် ပေါက်လာစေခဲ့ပါသည်။ အဆိုပါ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော လုပ်ကိုင်ဆောင်ရွက်ချက်များ ထဲတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် စီးပွားရေး အကျိုးအမြတ်များ၌ အိမ်ရှင်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်း၊[7] ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊[8] သမိုင်း ကြောင်းအရ မတရားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်း၊[9] လူထု ကျန်းမာရေးကို ကာကွယ်ခြင်းစသည်တို့ ပါဝင်ပါသည်။ (ဇယား ၁)

တစ်နည်းဆိုသော် ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၏ သွယ်ဝိုက်သော ရိုက်ခတ်မှုများမှာ အလွန် ကျယ်ပြန့်နှံ့စပ်လှသလို `ရင်းနှီးမြှုပ်နှံမှု မူဂါဒ´ တစ်ခုတည်းအတွက်သာ အကန့်အသတ်နှင့် ရှိနေသည်မျိုးမဟုတ်ချေ။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူအား နိုင်ငံသူနိုင်ငံသားများက တရားရုံးတွင် အရေးယူဆောင်ရွက်သည့်အခါ အစိုးရတွင် ထိန်းချုပ် နိုင်မှု အနည်းအပါးသာ ရှိနေတတ်ပြီး ယင်းက နိုင်ငံတစ်နိုင်ငံအား စေ့စပ်ညှိနှိုင်းမှုကို ဆောင်ရွက်ရသည်အထိ ဖြစ်လာစေနိုင်ပြန်ပါသေးသည်။

မူဂါဒ ဆောင်ရွက်ချက်သစ်များကို နိုင်ငံများက ကျင့်သုံးနိုင်ဆဲ ဖြစ်လင့်ကစား သဘောတူစာချုပ်ပါ လိုက်နာရမည့်အချက် ကို ဖောက်ဖျက်ပြီး

စည်းကမ်းထိန်းချုပ်လိုပါက နိုင်ငံများအနေဖြင့် အလွန်တန်ဖိုးကြီးလှသော လျော်ကြေးကျသင့်ငွေများကို ပေးရနိုင်ချေ ရှိပေသည်။ ကုမ္ပဏီများ အမှုရှုံးသွားသည့်တိုင် အိမ်ရှင်အစိုးရများမှာ စရိတ်ကြီးလှသော ဥပဒေရေးရာ ကုန်ကျ စရိတ်များကို ရင်ဆိုင်ရနိုင်ပါသေးသည်။ ငွေနည်းသော နိုင်ငံများအတွက် လျော်ကြေးအရ များပြားလှသော ပမာဏ များကို ပေးဆောင်ရန် အထူး ခက်ခဲနေနိုင်သည်ဖြစ်ပေရာ အများပြည်သူအကျိုး စီးပွားအတွက် ဆောင်ရွက်သည့်ကိစ္စများ က ရင်းနှီးမြှုပ်နှံသူများ၏ တောင်းဆိုချက်များကို ပေါ်ပေါက်လာစေမည်ဖြစ်လျှင် ထိုသို့သောကိစ္စများကို မဆောင်ရွက်ဘဲ ထားရန်ကိုသာ အဆိုပါ အစိုးရများက ရွေးချယ်ဆုံးဖြတ်နိုင်ကိန်း ရှိပါသည်။

ထို့အပြင် ငွေနည်းသောနိုင်ငံများ၏ အစိုးရများကဖြစ်စေ၊ တရားစီရင်ရေးများကဖြစ်စေ ကာကွယ်စောင့်ရှောက်မှုစံများ ကို ဖြည့်တင်းနိုင်စွမ်း မရှိသည့်အတွက်ကြောင့် အဆိုပါနိုင်ငံများမှာ ရင်းနှီးမြှုပ်နှံသူတို့၏ တောင်းဆိုချက်များကို ရင်ဆိုင်ရ နိုင်ပါသည်။ ဥပမာအားဖြင့် FET အရ အစိုးရသည် `နိုင်ငံခြားရင်းနှီးမြှုပ်နှံသူနှင့် ဆက်ဆံရာတွင် ရှေ့နောက် ညီညွတ်စွာ ဆောင်ရွက်ပြီး အဓိပ္ပာယ်နှစ်ခွ မထွက်စေဘဲ ပွင့်လင်းမြင်သာမှု အပြည့်အဝဖြင့် ဆောင်ရွက်ရန်´[10] လိုအပ်သည်ဟု ခုံရုံး တစ်ခုက ဆုံးဖြတ်ခဲ့ပါသည်။ ငွေနည်းသော နိုင်ငံအစိုးရ များအတွက် ယင်းမှာ အမှားမခံသော လိုအပ်ချက် ဖြစ်ပါသည်။ အထူးသဖြင့် (ကောင်းစွာညှိနှိုင်းဆောင်ရွက်ခြင်းလည်း မရှိတတ်ကြသော) များစွာသော အစိုးရဌာနများ ပါဝင်ပတ်သက်နေသလို ကာလရှည်ကြာလှသည့် သဘောတူခွင့်ပြုချက် ရရှိရေး လုပ်ငန်းစဉ်များလည်း ပါရှိနေသည့် ရှုပ်ထွေးနက်နဲသော ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းလာလျှင် ဖြစ်ပါသည်။

## မူဝါဒအတွက် နေရာပေးမှုကို ကာကွယ်စောင့်ရှောက်ရန် သဘောတူစာချုပ်ရေးဆွဲခြင်း အလေ့အထဆိုင်ရာ အပြောင်းအလဲများ

ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်သည့် ခုံရုံးများက FET များ၊ အခြားသော ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်း စံသတ်မှတ်ချက်များကို အနက်ဖွင့်ထားပုံမှာ အစိုးရများက လက်ခံရန် ရည်ရွယ်ထားသည်ထက် ကျော်လွန်ပြီး မူဝါဒအတွက် နေရာပေးမှု တစ်စတစ်စ ဆုတ်ယုတ်သွားစေနိုင်သည်ကို စိုးရိမ်မကင်းဖြစ်လာကြသည့်အလျောက် နိုင်ငံတချို့က ယင်းတို့၏ ချဉ်းကပ်ပုံနည်းလမ်းများကို ပြန်လည်စဉ်းစား သုံးသပ်လာခဲ့ကြပါသည်။

အဆိုပါ နိုင်ငံများသည် ယခုအခါတွင် ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်းအား လူမှုရေးကိစ္စရပ်များ၊ သဘာဝ ပတ်ဝန်းကျင် ကိစ္စရပ်များအပါအဝင် မူဝါဒပိုင်း စဉ်းစားစရာများနှင့် ချိန်ခွင်လျှာညီမျှအောင် ကြိုးပမ်းလျက်ရှိကြပေသည်။ အဆိုပါနိုင်ငံများတွင် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတို့ကဲ့သို့ ဝင်ငွေမြင့်မားသော နိုင်ငံများပါဝင်ပါသည်။ အဆိုပါ နိုင်ငံများမှာ ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်းအတွက် ရက်ရောလှသော ကျင့်သုံးမှုစနစ်များအပေါ် အားကိုးအား ထားပြုလျက် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများက အဆိုပါနိုင်ငံများ၏ အများပြည်သူအတွက် ဆောင်ရွက်ချက်များအား စိန်ခေါ် ကြသည်ကို ရင်ဆိုင်ထားခဲ့ကြရဖူး သည့်နိုင်ငံများပင် ဖြစ်လေသည်။ ဝင်ငွေနည်းနိုင်ငံများ၊ ဝင်ငွေအလယ်အလတ်နိုင်ငံများ မှာလည်း IIT များတွင် ပိုမို ပါဝင်ပြောဆိုလာခဲ့ကြသည်ဖြစ်ပေရာ အဆိုပါနိုင်ငံတချို့မှာလည်း ထိုသို့ကြိုးပမ်းနေ သည့် အထဲတွင် ပါဝင်လျက်ရှိနေကြပေသည်။

နိုင်ငံအားလုံးက ချဉ်းကပ်ပုံနည်းလမ်းများ ပြောင်းလဲနေကြသည်မဟုတ်ကြသလို မပီပြင်သော အရည်အသွေး မပြည့်မီလှသည့် ကာကွယ်စောင့်ရှောက်မှု စံသတ်မှတ်ချက်များကို ဖော်ပြထားသော IITsများကို ဆက်လက် လက်မှတ်ရေးထိုးလျက် ရှိနေကြပါသေးသည်။ FETပုံဖော်မှုကို အသုံးပြုလျက် သဘောတူစာချုပ်ရေးသားရာတွင် ပိုမိုဂရုတစိုက်ရှိသော ချဉ်းကပ်ပုံနည်းလမ်းများအား သာဓကပြနေသည့် တိုးတက်မှုဖြစ်စဉ် သုံးရပ်ရှိပါသည်။

### ဇယား ၁။ မူဝါဒအတွက် နေရာပေးမှုကို ကန့်သတ်ချက်များ။ ဩစတြေးလျနှင့် ဥရုဂွေးနိုင်ငံတို့မှ စီးကရက် ရောင်းချရေး ဥပဒေပြဋ္ဌာန်းချက်

တစ်ကမ္ဘာလုံးဆိုင်ရာ ဆေးရွက်ကြီး ကုမ္ပဏီတစ်ခုက ဥရုဂွေးနိုင်ငံအား ၂၀၁၀ ပြည့်နှစ်တွင် လည်းကောင်း၊ ဩစတြေးလျနိုင်ငံ အား ၂၀၁၁ ခုနှစ်တွင်လည်းကောင်း အဆိုပါနိုင်ငံများ၌ ဆေးလိပ်သောက်ခြင်းကို ဟန့်တားသော ဥပဒေပြဋ္ဌာန်းလိုက်ခြင်း အား စိန်ခေါ် သည့်အနေဖြင့် ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ရေး အမှုကို စွဲဆိုခဲ့ပါသည်။[11] ယင်းသို့ ဥပဒေပြဋ္ဌာန်းလိုက်ခြင်းသည် အသုံးပြုနိုင်သော IITs များတွင် ပါဝင်သည့် FET များကို ဖောက်ဖျက်ရာရောက်ကြောင်း အဆိုပါကုမ္ပဏီက ငြင်းချက်ထုတ်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် နျူးဇီလန်နိုင်ငံအစိုးရကလည်း ဆေးလိပ်သောက်သုံးမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ ဩစတြေးလျနိုင်ငံအား စွဲဆို ထားသော အမှု၏ ရလဒ်ကို စောင့်ကြည့်မည်ဟု ကြေညာခဲ့သည်ဟုဆိုပါသည်။[12] မည်သို့ပင်ဆိုစေကာမူ အဆိုပါ ဥပဒေ မူကြမ်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တော်က ဆွေးနွေးခဲ့ကြပါသည်။[13]

**FET အား အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေနှင့် ချိတ်ဆက်ခြင်း။** ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတို့က ရေးဆွဲဖော်ဆောင်လာခဲ့သည့် IITs ပုံစံသစ်မှာ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေအရ လိုအပ်နှင့်ပြီးဖြစ်သော ပြုမူဆက်ဆံမှု အနိမ့်ဆုံး စံသတ်မှတ်ချက်ကို မကျော်စေရဟု ရှင်းလင်းစွာ ဖော်ပြထားပါသည်။

သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးထားခြင်း မရှိသည့်နိုင်ငံ များဖြစ်နေလင့်ကစား အပြည်ပြည်ဆိုင်ရာ ဓလေ့ ထုံးတမ်းဥပဒေက အဆိုပါနိုင်ငံများအပေါ်တွင် သက်ရောက်မှု ရှိပါသည်။ (ဆက်စပ်နေသော `ခြုံငုံဖော်ပြမှု´ ဆွေးနွေးချက်[1] ကို ရှု။) ယင်းက မျှတမှု အနိမ့်ဆုံးစံကို ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်မှုများတွင် ကမ်းကုန်သော ဖြစ်ရပ်များကို တားမြစ်ရန်အတွက်သာ ပုံမှန်အားဖြင့် ဖွင့်ဆိုကြပါသည်။ သို့ဖြစ်ပေရာ FET အား ဓလေ့ထုံးတမ်းစံသတ်မှတ်ချက်ဖြင့် တန်းညှိခြင်းက ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်း နယ်ပယ်အတိုင်းအဆကို ကန့်သတ်လိုက်ရာ ရောက်သင့်သလို နိုင်ငံလုံးဆိုင်ရာ မူဝါဒအတွက် နေရာပိုရလာအောင် ထိန်းသိမ်းထားသင့်ပါသည်။

မည်သို့ပင်ဆိုစေကာမူ မကြာသေးခင်က သဘောတူညီချက်ဆိုင်ရာ ဓလေ့ထုံးတမ်းစံ တဖြည်းဖြည်း ပိုမို ကျယ်ပြန့်လာသည်ဟု ပြဆိုလျက်ရှိသလို အဆိုပါ စံအား ကျယ်ပြန့်စွာ ဖွင့်ဆိုမှုများလည်း ပေါ်ပေါက်လာခဲ့ပါသည်။ တစ်နည်းဆိုသော် ဓလေ့ထုံးတမ်းဥပဒေအရ လိုအပ်သော ပြုမူဆက်ဆံမှုအတွက် နိုင်ငံတကာ အနိမ့်ဆုံး စံသတ်မှတ်ချက် အား တိကျသော အနက်ဖွင့်ဆိုချက်များ မရှိပါချေ။ သို့ဖြစ်ရာ ပိုမိုကန့်သတ်ထားသော သဘောတူစာချုပ်ရေးဆွဲမှုများ၏ အတိုင်းအဆက မည်သို့မည်ပုံ ပံ့ပိုးပေးနိုင်မည်ကို စောင့်ကြည့်ရန်သာ ရှိနေပါတော့သည်။

**ပိုမိုတိကျသော တာဝန်များ။** ဒုတိယ ဥပမာမှာ `မျှတပြီး သာတူညီမျှရှိသော ပြုမူဆက်ဆံမှု´ကို ရည်ညွှန်းသည်ဖြစ်စေ၊ မရည်ညွှန်းဘဲဖြစ်စေ ပိုမို တိကျသော တာဝန်များပါဝင်သည့် စံသတ်မှတ်ချက်တစ်ရပ်ကို ကန့်သတ်ခြင်းပါဝင်ပါသည်။ ၄င်းတွင် တရားစီရင်ရေး ဆောင်ရွက်ချက်များကိုဖြစ်စေ၊ အုပ်ချုပ်ရေး ဆောင်ရွက်ချက်များကိုဖြစ်စေ တရားမျှတမှုကို ငြင်းဆန် ခြင်း မပြုရန်၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား လျော်ကန်သင့်မြတ်မှု မရှိသည့် တားဆီး နှောင့်ယှက်မှု မပြုရန် တာဝန်သတ်မှတ်ချက် ပါဝင်ပါသည်။ ဥပမာအားဖြင့် တောင်အာဖရိက ဖွံ့ဖြိုးရေးအသိုင်းအဝိုင်း (SADC)က ရေးဆွဲသော စံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်တွင် `မျှတသော အုပ်ချုပ်ရေး ပြုမူဆက်ဆံမှု´အတွက် စံသတ်မှတ်ချက်တစ်ရပ်ကို ဖော်ပြ ထားလေသည်။

အဆိုပါစံသတ်မှတ်ချက်သည် လက်မှတ်ရေးထိုးသည့် နိုင်ငံများကို "အဆိုပါနိုင်ငံများ၏ အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေး၊ တရားစီရင်ရေး လုပ်ငန်းစဉ်များက အခြားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံသူများ၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများအပေါ် ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်သည့်အနေဖြင့်ဖြစ်စေ၊ အုပ်ချုပ်ရေးနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ[တရားစီရင်မှု] [ထိုက်သင့်သော လုပ်ငန်းစဉ်]ကို ငြင်းပယ်သည့်အနေဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း မပြုနိုင်အောင် စီမံထားရှိရန်"[14] ကတိကဝတ်ပြုထားပါသည်။ ထိုသို့ ပိုမိုအသေးစိတ်သော ဘာသာစကားသုံးစွဲမှုမှာ ကြိုတင်မြင်သိနေနိုင်ရန် ခက်ခဲသော ရင်ဆိုင်ရမည့် တာဝန်များအား နိုင်ငံများအနေဖြင့် မကြုံတွေ့နိုင်စေဘဲ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကို ကာကွယ်စောင့်ရှောက်ရန် စီမံထားခြင်းပင် ဖြစ်ပါသည်။

**ဖွံ့ဖြိုးမှုအဆင့်။** တတိယနမူနာတွင် FET ကို လက်တွေ့အသုံးပြုသည့်အခါ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအဆင့်ကို ခုံရုံးများက ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် အရှေ့နှင့်တောင် အာဖရိကအတွက် ဘုံဈေး (COMESA)က ရေးဆွဲသော ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်တွင် အောက်ပါစာသား ပါဝင်ပါသည်။

> *"ပိုမိုသေချာစေရန် အဖွဲ့ဝင်နိုင်ငံများတွင် အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေး၊ တရားစီရင်ရေး စနစ်ပုံစံအမျိုးမျိုး ရှိနေကြကြောင်းကိုလည်းကောင်း၊ ဖွံ့ဖြိုးမှုအဆင့် အမျိုးမျိုးတွင် ရှိနေကြသော အဖွဲ့ဝင်နိုင်ငံများသည် တူညီသော စံသတ်မှတ်ချက်များကို တစ်ပြိုင်နက်တည်းတွင် ရရှိဖော်ဆောင်နိုင်မည်မဟုတ်ကြောင်းကိုလည်းကောင်း အဖွဲ့ဝင် နိုင်ငံများက နားလည်ကြပါသည်။"*[15]

သို့တိုင်အောင် ခုံသမာဓိရုံးများက ဤသို့သော ပြဋ္ဌာန်းချက်မျိုးအား မည်သို့လက်တွေ့အသုံးပြုမည်မှာမူ မရှင်းလင်းသေးပါချေ။

## မျှတပြီး သာတူညီမျှမှုရှိသော ပြုမူဆက်ဆံခြင်းကို ကျော်လွန်၍

`အပြည့်အဝ ကာကွယ်စောင့်ရှောက်ခြင်းနှင့် လုံခြုံမှု´၊ `သွယ်ဝိုက်သော သိမ်းယူမှု´ သဘောတရားတို့ အပါအဝင် ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်း အခြား စံသတ်မှတ်ချက်များကလည်း ပိုမိုတိကျသော တာဝန်များကို လမ်းပြနေသည့် အလားအလာများပင်ဖြစ်ပါသည်။ သွယ်ဝိုက်သော သိမ်းယူမှုမှာ လျော်ကြေးပေးရမည့် သိမ်းယူမှုအဖြစ် ကန့်သတ် ထိန်းချုပ်ထားပေရာ ရင်းနှီးမြှုပ်နှံမှုကို ဆိုးကျိုးဖြစ်စေနိုင်သည်အထိ လွန်ကဲသော စည်းကမ်းထိန်းချုပ်မှုနှင့် သက်ဆိုင်ပါသည်။

FET ကဲ့သို့ပင် သွယ်ဝိုက်သိမ်းယူမှုအတွက် ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဖွင့်ဆိုချက်များက နိုင်ငံလုံးဆိုင်ရာ မူဝါဒ နေရာပေးမှုများနှင့် စပ်လျဉ်းပြီး လွန်မင်းသော ကန့်သတ်ချက်များအား စိုးရိမ်မကင်းဖြစ်မှုများကို ပေါ် ပေါက်စေခဲ့သလို တချို့သော သဘောတူစာချုပ်များတွင် ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကန့်သတ်ထိန်းချုပ်မှုအာဏာတို့ကြား ချိန်ခွင်လျှာ ညီမျှမှုကို ပိုမို ဂရုတစိုက် ဖွင့်ဆိုရေးအတွက် ပြောင်းလဲ လာခဲ့ကြပါသည်။

ဥပမာအားဖြင့် မကြာသေးခင်က အမေရိကန်ပြည်ထောင်စု၏ IITs များတွင် အများပြည်သူ ကောင်းကျိုးအတွက် သဘာဝကျသော ရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် ခွဲခြားမှုမရှိသော စည်းကမ်းထိန်းချုပ်မှုသည် အခြေခံအားဖြင့် လျော်ကြေးပေးဆောင်ရန် လိုအပ်သော သွယ်ဝိုက်သိမ်းဆည်းမှုမဟုတ်ဟု ရှင်းလင်းစွာ ဖော်ပြထားသော နောက်ဆက်တွဲ တစ်ရပ် ပါရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ အခြားသောနိုင်ငံတချို့သည် အရည်အသွေးမပြည့်မီသော သိမ်းယူမှုဆိုင်ရာကဏ္ဍများကို ဆက်လက် ညှိနှိုင်း ထည့်သွင်းနေကြဆဲဖြစ်သည်။

## နိဂုံး

ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မူဝါဒ နေရာရရှိအောင် ထိန်းသိမ်းထားခြင်းတို့ကြား ချိန်ခွင်လျှာ ညီမျှစေရန် သဘောတူစာချုပ်များကို ရေးဆွဲရာတွင် အတွေ့အကြုံများ တိုးပွားလျက်ရှိသလို အဆိုပါအတွေ့အကြုံကို သင်ခန်းစာယူပြီး တိုးတက်ကောင်းမွန်လာအောင် ဆက်လက်လုပ်ဆောင်သွားနိုင်ပါသည်။ အဆိုပါအတွေ့အကြုံက မပီပြင်သော စံများထက် ပိုမိုအသေးစိတ်ကျသော စကားလုံးအသုံးအနှုန်းများကို ဦးစားပေးလာကြသည်။ ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို ရေးဆွဲရာတွင် ရွေးစရာအမျိုးမျိုးနှင့် စပ်လျဉ်းပြီးလည်း နိုင်ငံတကာ လမ်းညွှန်ချက်များ တိုးပွားလျက် ရှိပါသည်။ အဆိုပါလမ်းညွှန်ချက်များကို ကုလသမဂ္ဂကသာမက အကြံပေးပုဂ္ဂိုလ်များ၊ ပညာရှင်များကပါ ရေးဆွဲထားခြင်း ဖြစ်လေသည်။[16]

IIT တစ်စောင်ကို အပြီးအပြတ်သဘောတူမည်၊ မတူမည်ကိုလည်းကောင်း၊ ယင်းကို မည်သို့မည်ပုံ သုံးနှုန်းရေးသား သင့်သည်ကိုလည်းကောင်း ဆုံးဖြတ်သည့်အခါ ရေရှည်ဖွံ့ဖြိုးမှုအား ပံ့ပိုးပေးရန် ရည်သန်သည့် အများပြည်သူဆိုင်ရာ ဆောင်ရွက်ချက်အတွက် ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်စောင့်ရှောက်ခြင်း ကတိကဝတ်များက သက်ရောက်လာမည့် ကျယ်ပြန့်လှသော သွယ်ဝိုက်ရိုက်ခတ်မှုများအပါအဝင် ပေးရမည့် တန်ဖိုးနှင့်တကွ ရရှိလာမည့်အကျိုးကျေးဇူးများကို အပြည့်အဝ ချိန်ဆသွားရန် အရေးကြီးလှပါသတည်း။


### Lorenzo Cotula

လော်ရန်ဇို ကိုကျူလာသည် IIED တွင် ဥပဒေနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကသုတေသနပညာရှင် တစ်ဦးဖြစ်ပြီး၊ IIED တွင် Legal Tools Team ကို ဦးဆောင်ပါသည်။ http://www.iied.org/users/lorenzo-cotula


ဤတင်ပြချက်သည် လေးခုတွဲတင်ပြချက်ထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးမှုကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ ဤတင်ပြချက်တွင် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည် -

**အကျဉ်းချုပ်တင်ပြချက်း** http://pubs.iied.org/17238BIIED

**ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖြေလျှော့မှုပေးခြင်း** http://pubs.iied.org/17239BIIED

**ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံတော်ကြား ခုံသမာဓိဖြန်ဖြေခြင်း** http://pubs.iied.org/17241BIIED

ဤတင်ပြချက်များသည် လော်ရန်ဇို ကိုကျူလာ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဥပဒေနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု - စိုက်ပျိုးရေးနှင့်ယယံဇာတ တွင်းထွက်တူးဖော်ရေးလုပ်ငန်းများဆိုင်ရာ လက်စွဲစာအုပ်၊ လန်ဒန်၊ IIED, http://pubs.iied.org/17513IIED ကို အခြေခံထားခြင်းဖြစ်ပါသည်။



## ဗဟုသုတထုတ်လုပ် ဖြန့်ဝေမှုများ

သဘာဝပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနိုင်ငံတကာအင်စတီကျူသည် ဒေသန္တရဆိုင်ရာဦးစားပေးလုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများနှင့်ချိတ်ဆက်လျှက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်ရှိ တန်ဖိုးအရှိဆုံးပြည်သူအချို့အား ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် ၎င်းတို့ပါဝင် ဆွေးနွေးဆောင်ရွက်နိုင်မှုကို ခိုင်မာအားကောင်းစေရန် ကူညီပံ့ပိုးမှုပေးပါသည်။


**လော်ရန်ဇို ကိုကျူလာ၊**
Lorenzo Cotula
lorenzo.cotula@iied.org

80–86 Gray's Inn Road
London, WC1X 8NH
United Kingdom

Tel: +44 (0)20 3463 7399
Fax: +44 (0)20 3514 9055
www.iied.org


IIED welcomes feedback via: @IIED and www.facebook.com/theiied

ဤသုတေသနကို UK အစိုးရအဖွဲ့အတွင်းရှိ UK aid က ငွေကြေးထောက်ပံ့မှုပေးပါသည်။ သို့သော် တင်ပြထားသော အမြင်များသည် UK အစိုးရအဖွဲ့၏အမြင်များကို ကိုယ်စားပြုဖော်ပြခြင်းမဟုတ်ပါ။

### မှတ်ချက်

[1] United Nations Conference on Trade and Development (2012) World investment report 2012: towards a new generation of investment policies. p147. http://unctad.org/en/Pages/DIAE/World%20Investment%20Report/WIR2012_WebFlyer.aspx / [2] For examples see the arbitral rulings: Técnicas Medioambientales Tecmed, S.A. v. United Mexican States. Award. 23 May 2003, ICSID Case No. ARB(AF)/00/2, 43 ILM (2004) 133; and El Paso Energy International Company v. The Argentine Republic. Award. 31 October 2011, ICSID Case No. ARB/03/15 / [3] Técnicas Medioambientales Tecmed, S.A. v. United Mexican States. Award. 23 May 2003, ICSID Case No. ARB(AF)/00/2, 43 ILM (2004) 133 / [4] CMS Gas Transmission Company v. The Argentine Republic. Award. ICSID Case No. ARB/01/8, 12 May 2005, 44 ILM 1205; LG&E Energy Corp., LG&E Capital Corp. and LG&E International Inc. v. Argentine Republic. Decision on liability. 3 October 2006, ICSID Case No. ARB/02/1, 46 ILM 36 (2007), https://tinyurl.com/kx3m2ns / [5] Saluka Investments BV v. The Czech Republic. Partial award. 17 March 2006, Permanent Court of Arbitration, http://ita.law.uvic.ca/documents/Saluka-PartialawardFinal.pdf, para. 305 / [6] Ioan Micula, Viorel Micula, S.C. European Food S.A, S.C. Starmill S.R.L. and S.C. Multipack S.R.L. v. Romania. Final award. 11 December 2013, ICSID Case No. ARB/05/20 / [7] For an example of an investor claim concerning performance requirements, see Mobil Investments Canada Inc. and Murphy Oil Corporation v. Government of Canada. Decision on liability and on principles of quantum. 22 May 2012, ICSID Case No. ARB(AF)/07/4, www.italaw.com/cases/1225. For arbitrations concerning taxation, see for example Burlington Resources Inc. v. Republic of Ecuador, Decision on Liability, 14 December 2012, ICSID Case No. ARB/08/5; and Sergei Paushok, CJSC Golden East Company and CJSC Vostokneftegaz Company v. The Government of Mongolia. Award on jurisdiction and liability. 28 April 2011. Arbitration under UNCITRAL Arbitration Rules, http://italaw.com/documents/PaushokAward.pdf / [8] For instance, Pac Rim Cayman LLC v. The Republic of El Salvador. Decision on the respondent's jurisdictional objections. 1 June 2012, ICSID Case No. ARB/09/12, www.italaw.com/sites/default/files/case-documents/ita0935.pdf / [9] Piero Foresti, Laura de Carli and Others v. Republic of South Africa, Award, 4 August 2010, ICSID Case No. ARB(AF)/07/1), http://italaw.com/cases/documents/447 / [10] Técnicas Medioambientales Tecmed, S.A. v. United Mexican States (see note 2) para. 154 / [11] Philip Morris Asia Limited v. The Commonwealth of Australia. Notice of arbitration. 21 November 2011, arbitration under UNCITRAL Arbitration Rules, www.italaw.com/sites/default/files/case-documents/ita0665.pdf; Philip Morris Brands Sarl, Philip Morris Products S.A. and Abal Hermanos S.A. v. Oriental Republic of Uruguay. Request for arbitration. 19 February 2010. ICSID Case No. ARB/10/7, www.italaw.com/sites/default/files/case-documents/ita0343.pdf / [12] Peterson, LE (28 February 2013) First hearing in Philip Morris v. Australia arbitration is pushed into 2014, as New Zealand reveals it is awaiting outcome of Australian cases. IAReporter. http://www.iareporter.com/articles/20130228_2 / [13] www.health.govt.nz/our-work/preventative-health-wellness/tobacco-control/plain-packaging / [14] Southern African Development Community (SADC) Model BIT Template 2012, www.iisd.org/itn/wp-content/uploads/2012/10/SADC-Model-BIT-Template-Final.pdf, Article 5 Option 2 / [15] Investment Agreement for the COMESA Common Investment Area. https://tinyurl.com/l27fqrw, 2010, Article 14(3) / [16] Mann, H *et al.* 2005. Model international agreement on investment for sustainable development: negotiators' handbook. 2nd edition. IISD. www.iisd.org/publications/pub.aspx?pno=686; UNCTAD (2012) Investment policy framework for sustainable development. http://unctad.org/en/PublicationsLibrary/webdiaepcb2012d6_en.pdf